ဣသရေလတို့၏ ကန္တာရခရီး

Journey of Isael

Dr.Brian Bailey

ဇီအုန်သာသနာ့လုပ်ငန်း
ဣသရေလတို့၏ ကန္တာရခရီး

ဣသရေလတို့၏ ကန္တာရခရီး

ကျွန်ုပ်တို့အသက်တာအားဖြင့် ဝိညာဉ်ရေးရာ ခရီးကို နားလည်သဘောပေါက်နိုင်ရေးအတွက် ဣသရေလ လူမျိုးများ၏ ကန္တာရခရီးသွားခြင်းကို လေ့လာရန် လိုအပ်သည်။ သူတို့၏ ခရီးသည် အီဂျစ်မှစတင်၍ ကန္တာရတောကို ဖြတ်လျက် ဂတိတော်နယ်မြေသို့ ဦးတည်သည်။ အဆုံး၌ဘုရားသခင်၏ လူများကို ဇီအုန်တောင်သို့ ဦးဆောင်ခေါ်သွားသည်။ လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာတွင် ဖြစ်ပွားခဲ့သော သမိုင်းဝင်ခရီးစဉ်ကြီးသည် ယနေ့ ယုံကြည်သူခရစ်ယာန်များ၏ ဝိညာဉ်ရေးရာ တိုးတက်မှုကို ချိန်ထိုးသိမြင်နိုင်ရေးအတွက် အရိပ်နိမိတ်ကဲ့သို့ ရပ်တည်ပေးလျက်ရှိသည်။ ထိုခရီးစဉ်ကြီးသည် ကယ်တင်ခြင်းမှ ဝိညာဉ်ရေးရာ ရင့်ကျက်မှုအထိ မိမိတို့၏ ယုံကြည်ခြင်းဆိုင်ရာ ရင့်ကျက်မှုဖြစ်စဉ်ကို ရုပ်လုံးဖော်လျက် ရှိပေသည်။ ယနေ့ယုံကြည်သူခရစ်ယာန်များ၏ အသက်တာသည် မည်သည့်နေရာက လာ၍ မည်သည့်နေရာ၌ ရှိနေပြီး၊ မည်သည့် နေရာသို့ ဦးတည်သွားနေသည်ကို ဤကန္တာရခရီးစဉ်အားဖြင့် ဆန်းစစ်နိုင်သည်။

ကန္တာရခရီးအတွက် ကြိုတင်စီမံမှုပြုလုပ်ခြင်း

ဤကန္တာရခရီးသည် ဘုရားသခင်ကိုယ်တိုင်ကြိုတင်စီမံမှုပြုလုပ်သော ခရီးဖြစ်ကြောင်း ဦးစွာ ပထမသိရှိထားရန် လိုသည်။ ဘုရားသခင်သည် အာဗြဟမ်နှင့် သူ၏ မျိုးဆက်အားလုံးကို ကာနန်ဒေသအား အပိုင်ပေးရန် ဂတိထားခဲ့သော်လည်း ရှော့ ယ++ ဟူ၍ တိုက်ရိုက်ကြီးမပေးခဲ့ပါ။ အာဗြဟမ်၏ မြေးဖြစ်သော ယာကုပ်နှင့် မိသားစုအား အီဂျစ်ပြည်သို့ သွားရောက် အခြေချနေထိုင်နိုင်ရေးအတွက် အစာခေါင်းပါးမှု ဒုက္ခကို ကြုံတွေ့စေခြင်းအားဖြင့် တွန်းအားပေးခဲ့သည်။ ဘုရားသခင်က ဣသရေလဟု ခေါ်ဝေါ်သမုတ်ထားသော ယာကုပ်နှင့် မိသားစုသည် ဖါရောဘုရင်နန်းတက်သည်အထိ အီဂျစ်ပြည်၌ အခြေချ ခဲ့ကြသည်။ ထိုဖါရောဘုရင်နန်းတက်သောအခါ အာဗြဟမ်မျိုးဆက်များကို ကျွန်ပြု၍ အာဏာဖြင့် စေခိုင်းနှိပ်စက်ခဲ့သည်။

ထွက်မြောက်ရာကျမ်း ၃း၇-၁၀တွင် ဖော်ပြထားသည့်အတိုင်း ဘုရားသခင်သည် ဣသရေလများ၏ ဝေဒနာခံစားမှုကို သိမြင်သည့်အခါ ပြင်းပြစွာသော သနားခြင်းဂရုဏာစိတ်ရှိလျက်ပူပင်သောကရောက်ခဲ့ကြောင်း တွေ့ရသည်။ မိတ်ဆွေ. . . . အားယူ၍ ရဲရင့်ခြင်းရှိလော့ ယနေ့ဘုရားသခင်သည် သင်ခံစားနေရသော နာလုံးကြေကွဲမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသော ဆင်းရဲဒုက္ခကို သိမြင်နေကြောင်း၊ ဘုရားသခင်သည် သင့်အား လျစ်လျူမရှုကြောင်းသတိရပါ။ ဣသရေလများ၏ ဘဝကို အခြေပြုပြီး ယနေ့ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို ချက်ခြင်းလက်ငင်း အဖြေမပေးပေ။ သို့သော် ချစ်ခြင်းမေတ္တာနှင့် ပြည့်စုံတော်မူသော ဂရုဏာတော်ရှင်ဘုရားဖြစ်သည့်အတိုင်း ကျွန်ုပ်တို့အား လျစ်လျူမရှု အချိန်တန်သည့်အခါ ဆင်းရဲဒုက္ခဝေဒနာထဲမှ ရွေးနှုတ်ကယ်တင်တော်မူကြောင်းကို သင်ခန်းစာရယူသင့်ပါသည်။

ထွက်မြောက်ရာကျမ်း ၃း၈ ထဲတွင် ဘုရားသခင်သည် ဣသရေလလူမျိုးများအား ကယ်တင်မည့် အကြောင်း ဂတိပေးထားသည့် အလွန်အရေးပါသော နှုတ်ကပတ်တော်ကို တွေ့ရသည်။ သူတို့ကို အဲဂုတ္တုပြည်၊ အဲဂုတ္တုလူတို့ လက်မှ ကယ်နှုတ်၍ ခါနန်လူ၊ ဟိတ္တိလူ၊ အာမောရိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့နေရာ၊ နို့နှင့် ပျားရည်စီးတတ်သော ပြည်သို့ ပို့ဆောင်ခြင်းဌာ ငါဆင်းလာပြီ၊ ဘုရားသခင်သည် ဣသရေလလူများအား အဲဂုတ္တုတို၏ ကျွန်ဘဝမှ နှုတ်ဆောင်၍ နို့နှင့် ပျားရည်စီးဆင်းသော ပြည်သို့ ပို့ဆောင်ခဲ့သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား ပြဿနာ၊ မကောင်းသော အခြေအနေ (သို့မဟုတ်) ကျွန်ဘဝမှ ရွေးနှုတ်ခြင်းမှာ ပို၍ ကောင်းသော နေရာသို့ ပို့ဆောင်လိုသောကြောင့် ဖြစ်သည်။ ရွေးနှုတ်ကယ်တင်ခြင်းတွင် အနှစ်သာရအားဖြင့် ဖြစ်စဉ် ၂ ဆင့်ရှိသည်။ (၁) ဆိုးဝါးသော နေရာမှ ရွေးနှုတ်ခြင်း (၂) ပို၍ ကောင်းသော နေရာသို့ ပို့ဆောင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာအတွက် ဤအချက်ကို မြဲမြံစွာ ဆုပ်ကိုင်ထားရန် အလွန်လိုအပ်လှပါသည်။ ဘုရားသခင်သည် ဤလောကထဲမှ ရွေးနှုတ်ကယ်တင်လိုသည် သာမက ပြည့်ဝသော ဝိညာဉ်ရေးရာ အမွေအနှစ်ကိုလည်း ခံစားစေလိုသည်။

ကန္တာရခရီးအတွက် ကြိုတင်ပြင်ဆင်ခြင်း

ဣသရေလလူများ၏ ခရီးအတွက် ကြိုတင်ပြင်ဆင်ခြင်းကို စဉ်းစားဆင်ခြင်ကြပါစို့၊ အဲဂုတ္တုပြည်မှ ထွက်ခွာလိုစိတ်ရှိရန် ဘုရားသခင်သည် အခြေအနေကို ဖန်တီးခဲ့သည်။ အကြောင်းရင်များအနက် တခုမှာ ဣသရေလလူမျိုးများ အဲဂုတ္တုပြည်တွင် နေလိုစိတ်မရှိအောင် ဘုရားသခင်ကိုယ်တိုင်က အလုပ်ကြီးကြပ်သူများအားဖြင့် ဣသရေလလူများအား အတင်းအဓမ္မစေခိုင်းခြင်း၊ နာကျင်စေခြင်းများကို ပြုလုပ်စေခဲ့သည်။ ထိုသို့ မပြုပါက

ဣသရေလလူမျိုးများအဲဂုတ္တုပြည်မှ ထွက်ခွာလိုစိတ်ရှိမည်မဟုတ်ပေ။ အဲဂုတ္တုပြည်မှ ထွက်ခွာနိုင်ရေးအတွက် နည်းမျိုးစုံကို ဖြစ်ပွားစေခဲ့သည်။ အလွန်ဆိုးဝါး၍ ရက်စက်သော ဘုရင်၏ လက်အောက်တွင် ကျွန်ခံရသည် (ထွက်မြောက်ရာကျမ်း ၁း၁၀)။ ရက်စက်ကြမ်းကြုတ်သော အလုပ်ကြီးကြပ်သူများက ဣသရေလလူတို့အား နာကျင်စေခဲ့သည်။ (ထွက်မြောက်ရာကျမ်း ၁း၁၁)။ ဣသရေလလူတို့၏ နေ့စဉ်ဘဝသည် အလွန်ခါးသီး၍ စိတ်နာကျည်းစရာဖြင့် ပြည့်နေသည်။

ဤအဖြစ်အပျက်တွင် ယုံကြည်သူ ကျွန်ုပ်တို့အား ဝိညာဉ်ရေးရာ တောင်းဆိုမှု တခုရှိသည်။ ပို၍ပေါ်လွင်ထင်ရှားအောင် သာဓကတခုဖေါ်ပြလိုသည်မှာ ပါစတာတဦးသည် ပြဿနာမျိုးစုံပြည့်နေသော အသင်းတော်တခုသို့ ပို့ဆောင်ခြင်းခံရသည်။ ထိုပါစတာသည် ကျွန်ုပ်တို့အား ဆုတောင်းပေးကြရန် တောင်းဆိုသည်။ အကြောင်းမှာ သူတာဝန်ယူရမည့်အသင်းတော်ထဲတွင် စိတ်ဝမ်းကွဲပြားမှုများကြီးမား၍ အချို့သည် အသင်းတော်ကို စွန့်လွှတ်ပြီး ထွက်ခွာသွားကြပြီး ဖြစ်သည်။ ကျွန်ုပ်တို့သည် ဆုတောင်းပေးလျက်ရှိရာ တနေ့ ဘုရားသခင်သည် ကျွန်ုပ်နှင့် ဇနီးသည်အား ဖော်ပြသည်မှာ ဤပြဿနာသည် အရင်ပါစတာ၏ အကျင့်သိက္ခာပျက်ဆီးမှုကြောင့် ဖြစ်သည်ဟု ဖော်ပြသည်။ မိတ်ဆွေတဦးက ++ဒါမှန်တယ် ဒါပေမဲ့ သူဝန်ခံခဲ့ပြီးပြီ ++ဟု ပြန်ပြောပြပါသည်။

ဆက်လက်ဆုတောင်းကြရာတွင် ဘုရားသခင်ဖော်ပြခဲ့သည်မှာ အကျင့်သိက္ခာပျက်ဆီးမှုများ အသင်းတော်ထဲတွင် ရှိနေသေးကြောင်းပြောပြပါသည်။ ပါစတာသည် မိမိအပြစ်ကို နောင်တနှင့် ဝန်ခံခဲ့သော်ငြားလည်း အသင်းသူ/သားများက သူတို့၏ ပါစတာအားခွင့်မလွှတ်နိုင်ကြချေ။ သူတို့၏ ခွင့်မလွှတ်နိုင်ခြင်းက အသင်းတော်ထဲတွင် အကျင့်သိက္ခာပျက်ဆီးမှု ဝိညာဉ်ဆိုးကို ပို၍အားကောင်းစေခဲ့သည်။ ထိုဝိညာဉ်ဆိုးက လင်ခိုးမှု၊ မယားခိုးမှု၊ ကာမဂုဏ်လိုက်စားမှု၊ ပုန်ကန်ခြားနားမှု၊ မနာလိုစိတ်၊ မာကြောရိုင်းစိုင်းသော နှလုံးသား၊ စိတ်ဝမ်းကွဲပြားမှု၊ လိမ်လည်လှည့်ဖျားမှုနှင့် စိတ်ဓာတ်ကျဆင်းမှုများကို ပွားများစေခဲ့သည်။ ဤဆိုးဝါးသော ဖောက်ပြန်ပျက်ဆီးမှုများသည် အသင်းတော်အတွင်းတွင် အားကောင်းလျက် ပျံ့နှံ့နေခဲ့သည်။

ပါစတာသည် အသင်းတော်သို့ သွားရောက်၍ နောက်ထပ် ဝန်ချတောင်းပန်မှုပြုလုပ်သောအခါ အသင်းသူ/သားများလည်း လက်ခံကြိုဆိုလျက်ခွင့်လွှတ်လာကြသည်။ ထိုအခါ အသင်းတော်သည် ဖောက်ပြန်မှုများမှ လွတ်မြောက်လျက် ဝိညာဉ်ရေးရာနိုးကြားမှုရှိလာပြီး အရင်ကထက် ပို၍တိုးတက်လာကြကြောင်းတွေ့ရှိရသည်။

အလေးအနက်ထား၍ ဦးတည်ဖော်ပြလိုသည်မှာ ဣသရေလလူမျိုးများ စိတ်ဒုက္ခရောက်သကဲ့သို့ ကျွန်ုပ်တို့သည် ဝိညာဉ်ဆိုးများအားဖြင့် ဆင်းရဲဒုက္ခမသက်မသာ ခံစားစေခြင်း၌ ဘုရားသခင်ခွင့်ပြုလိုက်ခြင်းဖြစ်နိုင်ပါသည်။ သို့သော် ဆင်းရဲဒုက္ခသည် ကျွန်ုပ်တို့ ဆုတ်ယုတ်ပျက်ဆီးသွားဘို့ရန်အတွက်မဟုတ် ဘုရားသခင်ထံသို့ အော်ဟစ်၍ ဆုတောင်းစေခြင်း၌၄င်း၊ ဘုရားသခင်နှင့်အတူ ခရီးသွားရန် အသင့်ရှိစေခြင်း၌၄င်း၊ တွန်းအားပေးသော အရာများသာ ဖြစ်သည်။ အခက်အခဲများ၊ ဆင်းရဲဒုက္ခများ၊ ပြဿနာများ အသက်တာ၌ကြုံတွေ့နေရခြင်း၊ အသင်းတော်အတွင်း၌ရင်ဆိုင်ဖြစ်ပွားနေရခြင်းတို့သည် ဘုရားသခင်အား စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလာစေခြင်း၌နှင့် သမ္မာတရား၏ စစ်မှန်သော လွတ်ခြင်းကို ခံရစေခြင်း၌သာ ဖြစ်ပေသည်။

ဖါရောဘုရင်၏ အာခံမှုများ

ဘုရားသခင်ထံမှ သင်တို့အား ကယ်တင်မည် ဟူသော သတင်းစကားကို ဣသရေလလူမျိုးအားလုံး သက်ဝင်ယုံကြည်သောအခါ မောရှေနှင့် အာရွန်တို့သည် ဖာရောဘုရင်ထံသို့ သွား၍ ဘုရားသခင်၏ နှုတ်ထွက်စကားကို သွားရောက်ပြောပြကြသည်။ ဖာရောဘုရင်၏ တုံ့ပြန်မှုမှာ ဘုရားသခင်၏ နှုတ်တော်ထွက်စကားအားငြင်းပယ်ခြင်းဖြစ်သည် (ထွက်မြောက်ရာကျမ်း ၅း၁-၄).

အဲဂုတ္တုပြည်နှင့် ဖာရောဘုရင်တို့၏ ပြုမူလှုပ်ရှားဆောင်ရွက်မှုပိုင်းဆိုင်ရာအတွင်း သဘောကို ဆင်ခြင်စဉ်းစားကြည့်ကြပါစို့၊ အဲဂုတ္တုပြည်၏ အထင်ရှားဆုံးသော အရာသည် လူသေအလောင်းထားရှိရာ ပိရမစ်ဖြစ်သည်။ အဲဂုတ္တုလူတို့သည်လည်း လူသေအလောင်းများမပုပ်မသိုးအောင်ဆေးစိမ်ခြင်းအတတ်ပညာ၌အထူးကျွမ်းကျင်ကြသည်။ ၄င်းသည် လောကကို ပုံဆောင်သည်၊ အကြောင်းမူကား လောက၏ နောက်ဆုံးခရီးလမ်းဆုံးသည် သေခြင်းနှင့် ငရဲပင်ဖြစ်သည်။ (ရောမ ၆း၂၁)။

ဖာရောဘုရင်၏ သရဖူပေါ်တွင် ဆာတန်ကို ကိုယ်စားပြုသော မြွေရုပ်ကို ထုလုပ်၍ အလှဖော်ထားသည်။ ထို့ကြောင့် ဖာရောဘုရင်သည် လောက၏ မင်းသား၊ ဆာတန်ကို ကိုယ်စားပြုသည်။ ထို့အပြင် ဖာရောသည် ကျွန်ုပ်တို့ နေထိုင်ရာ မြို့ရွာအရပ်ဒေသကို အုပ်စိုးသော နတ်ဆိုးဝိညာဉ်ဆိုးကိုလည်း ကိုယ်စားပြုနိုင်သေးသည်။ သင်နေထိုင်ရာ အရပ်ဒေသသည် ခရစ်တော်အတွက် ဖြစ်သည်ဟု ဘုရားသခင်က သင့်အား ဂတိပေးထားလျှင် သင်သည်

ဆာတန်မာရ်နတ်ကို ဦးစွာ ပထမတိုက်ထုတ်နှိမ်နင်းရမည်ဖြစ်ကြောင်း သဘောပေါက်ရန်လိုသည်။ ကျွန်ုပ်တို့ နေရပ်ဒေသကို အုပ်စိုးမင်းမူနေသော ဆာတန်မာရ်နတ် ဝိညာဉ်ဆိုးကို နှိမ်နင်း ဖယ်ရှားခြင်းမပြုနိုင်မချင်း ဝိညာဉ်ရေးရာအောင်မြင်မှုကို ရရှိနိုင်မည်မဟုတ်ပေ။

ဖာရောဘုရင်သည် မောရှေထံမှလာသော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ငြင်းပယ်ရုံမက ဣသရေလလူများအား ပို၍ ပြင်းထန်စွာ စေခိုင်းနှိပ်စက်ရန်အတွက် အလုပ်ကြီးကြပ်သူများကို ညွှန်ကြားလိုက်ကြောင်း (ထွက်မြောက်ရာကျမ်း ၅း၅-၁၀)တွင် တွေ့ရသည်။ အလုပ်ပြီးစီးရန် မဖြစ်နိုင်သော ကိစ္စရပ်များတွင်လည်း အတင်းအဓမ္မစေခိုင်း၍ နှိပ်စက်ကြသည်။

ဣသရေလလူတို့သည် ပို၍ သက်သာပြီး အခြေအနေပို၍ တိုးတက်လာမည့်အစား ပို၍ ဆိုးရွားလာကြောင်း တွေ့ရသည်။ မောရှေနှင့် အာရုန်ကလည်း ဘုရားသခင်အား အဘယ်ကြောင့် ဤလူတို့ကို ညှန်းဆဲရပါသနည်းဟု စောဒကတက်ကြသည်။ (ထွက် ၅း၂၀-၂၂)။ ဘုရားသခင်၏ စကားတော်ကို နာခံလိုက်လျှောက်သော သူအပေါ်တွင် ဆာတန်သည် ပို၍ အားကောင်းပြီး ဆန့်ကျင်တိုက်ခိုက်တတ်ကြောင်း သဘောပေါက်ရန် အထူးလိုအပ်ပါသည်။ အခြေအနေသည် တိုးတက်အောင်မြင်မှု မရမီ ပို၍ ဆိုးဝါးလာတတ်ပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့အား စကားပြောပြီးနောက်တွင် ကျွန်ုပ်တို့ပေါ်၌ရှိသော ဝန်ထုတ်ဝန်ပိုးနှင့် ပြဿနာများသည် ပို၍ ကြီးမားလာတတ်သည်။ ကျွန်ုပ်တို့သည် ဆုတောင်းဆက်ကပ်ပြီး အဆုံးအထိ ရင်ဆိုင်ရန် လိုအပ်ပါသည်။ အကြောင်းမှာရန်သူသည် သူ၏ တန်ခိုးဖျက်ဆီးမခံမီအထိ ရက်စက်ကြမ်းတမ်းစွာ ဆိုင်ပြိုင်ခုခံနေမည်ဖြစ်သည်။

(ထွက် ၇) တွင် အဲဂုတ္တုလူများထံသို့ ဘုရားသခင်စီရင်တော်မူသော ဘေးဒဏ်ပြီး ၁၀ မျိုးအကြောင်းကို တွေ့ရပေမည်။ ဤစီရင်မှုကြီး၏ အဓိက အကြောင်းရင်းကို ကျွန်ုပ်တို့ နားလည်သင့်သည်။ ဘုရားသခင်သည် ဖာရောဘုရင်နှင့် အဲဂုတ္တုလူများကိုသာ စီရင်နေခြင်းမဟုတ်၊ သူတို့၏ နတ်ဘုရားများကို ပါစီရင်နေခြင်းဖြစ်သည် (ထွက် ၁၂း၁၂၊ တောလည် ၃၃း၄) ဘုရားသခင်၏ အဓိက ဦးတည်တိုက်ခိုက်သော အရာမှာ ဆာတန်မာရ်နတ်ထံမှ ဘုန်းတန်ခိုးနှင့် ဩဇာအာဏာကို ရယူသော ဤလောက၏ နတ်ဘုရားများဖြစ်သည်။

ဤကပ်ဆိုးကြီး ၁၀ မျိုးကျရောက်ချိန်ကာလတွင် ဖာရောဘုရင်သည် ဣသရေလလူများ အဲဂုတ္တုပြည်မှ ထွက်ခွာနိုင်ရေးအတွက် စီမံချက် ၄ ချက်ရေးဆွဲခဲ့သည်။ သို့သော် ထိုအရာများသည် အခြေအနေအပေါ် အမှီပြုဆက်စပ်နေသဖြင့် ဘုရားသခင်၏လူ မောရှေသည် ငြင်းပယ်ခဲ့သည်။ ဆာတန်မာရ်နတ်သည် ယုံကြည်သူများအား ထောင်ချောက်ဆင်ဖမ်းနိုင်ရေးအတွက် ကောက်ကျစ်စဉ်းလဲသော ပရိယယ်ကို သုံးပြီး စေ့စပ်ညှိနှိုင်းမှုပြုလုပ်လျက်ရှိသည်။ သို့သော် မောရှေက ငြင်းပယ်သကဲ့သို့ ကျွန်ုပ်တို့လည်း ဆာတန်၏ စေ့စပ်ညှိနှိုင်းမှုကို လိမ်မာပါးနပ်စွာ ငြင်းပယ်ရပေမည်။

ဘုရားသခင်သည် သားဦးများကို သတ်ဖြတ်သည့် နောက်ဆုံးသောဘေးဆိုးကြီးမကျရောက်မီ ပသခါပွဲတည်းဟူသော အဇုမပွဲကို စတင်ပြုလုပ်သည်။ ပသခါပွဲဟူသော အဇုမပွဲသည် ခရစ်တော်၏ အသွေးတော်အားဖြင့် ကယ်တင်ခြင်းကို ကိုယ်စားပြုသည်။ ဟေဗြဲလူတို့၏ အိမ်တံခါးတုတ်ပေါ်တွင်ရှိသော သိုးသငယ်၏ အသွေးသည် သူတို့၏ အသက်ကို ကွယ်ကာစောင့်ရှောက်ခဲ့သည် (ထွက် ၁၂း၁၃၊ ၁ ကော ၅း၇) ရန်သူဖြစ်သော ဆာတန်မာရ်နတ်ကို ဆိုင်ပြိုင်ခုခံသည့်အခါ ခရစ်တော်၏ အသွေးတော်ကို အမှီပြုကိုးစားတတ်ရန် လိုအပ်ပါသည်။ သိုးသငယ်၏ အသွေးသည် အဲဂုတ္တုပြည်ရှိ ဣသရေလလူမျိုးအားလုံးကို ကယ်နှုတ်ခဲ့ သကဲ့သို့ သခင်ခရစ်တော်၏ အသွေးတော်တန်ခိုးသည် ဆာတန်မာရ်နတ်၏ ဩဇာအာဏာ အားလုံးကို ချိုးဖျက်ပြီး ဆာတန်၏ အုပ်စိုးမှုအောက်မှ ကယ်တင်နိုင်ကြောင်းကို အမြဲနှလုံးသွင်းရန် လိုအပ်လှပါသည်။

အဲဂုတ္တုပြည်မှ ထွက်ခွာလာခြင်း

နောက်ဆုံးသော ဘေးဆိုးကြီးနောက်ပိုင်းတွင် ဖာရောဘုရင်သည် ဣသရေလလူများအား အဲဂုတ္တုပြည်မှ ထွက်ခွာခွင့်ပြုခဲ့သည်။ (ထွက် ၁၂း၃၁-၃၂)။ ထိုမျှမက ထွက် ၁၂း၃၅-၃၆ တွင် ဖော်ပြထားသည့်အတိုင်း အဲဂုတ္တုလူတို့သည် သူတို့၏ စည်းစိမ်ဥစ္စာဖြစ်သော ရွှေ၊ ငွေ၊ အဝတ်အစားများကို ဣသရေလလူတို့အား မထွက်ခွာမီ ရက်ရောစွာ ပေးခဲ့ကြကြောင်း တွေ့ရသည်။ ဤအကြောင်းအရာက ဆင်းရဲဒုက္ခ၏ နောက်ပိုင်းတွင် ကြွယ်ဝချမ်းသာခြင်းလိုက်လာကြောင်း သမ္မာတရား၏ မှန်ကန်မှုကို ထင်ဟပ်စေလျက်ရှိပါသည်။ ဆင်းရဲဒုက္ခကြုံတွေ့ဖြတ်သန်းပြီးမှ ကြွယ်ဝခြင်းကို ပေးခြင်းသည် ဘုရားသခင်၏ အခြေခံမူလမ်းစဉ်ဖြစ်ပါသည်။ ယောဘ ၄၂း၁၁တွင်လည်း ယောဘသည် ဆင်းရဲဒုက္ခရင်ဆိုင်ဖြတ်သန်းပြီးမှ ဘုရားသခင်က နှစ်ဆသော ကောင်းကြီးမင်္ဂလာ ကြွယ်ဝချမ်းသာမှုကို ပေးကြောင်းတွေ့ရှိရသည်။ ကျွန်ုပ်တို့သည်လည်း နေ့စဉ်အသက်တာ၌ဘုရားသခင်၏ အကြံအစည်ကို ပြီးမြောက်စေနိုင်ဘို့ရန်အတွက် ငွေကြေး၏ ကြပ်တည်း ခက်ခဲမှု

အချုပ်အနှောင်ထဲမှ လွတ်မြောက်ရန် လိုအပ်လှပါသည်။

အဲဂုတ္တုပြည်မှ ထွက်ခွာသွားသော ဣသရေလလူများ၏ နောက်သို့ ဖာရောဘုရင်၏ စစ်တပ်ကြီးက အပြင်းအထန် လိုက်သွားကြကြောင်း (ထွက် ၁၄း၅-၁၂) တွင် တွေ့ရသည်။ ဣသရေလအမျိုးသားတို့သည် ဖာရောဘုရင်၏ တပ်ကြီးကို မြင်သောအခါ အလွန်ကြောက်ရွံ့လျက် အဲဂုတ္တုပြည်မှ မထွက်ခွာလိုကြောင်း ထိုနေရာ၌ပင် ကျွန်ခံလျက်နေလိုကြောင်း မြည်တမ်းကြသည်ကို (ထွက် ၁၄း၁၀-၁၂) တွင် တွေ့ရသည်။ မောရှေအပေါ်မှာလည်း မကျေမနပ်ဆန္ဒပြကြသည်။ အမျက်ဒေါသထွက်ကြသည်ကို တွေ့ရသည်။ ယနေ့ယုံကြည်သူခရစ်ယာန်များသည်လည်း ဒုက္ခကြုံတွေ့သည့်အခါ ဣသရေလများကဲ့သို့သော စိတ်သဘောရှိတတ်ကြသည်။ ဣသရေလများက အဲဂုတ္တုပြည်သို့နောက်ကြောင်းပြန်လှည့်လို သကဲ့သို့ လောက အရာကို စိတ်စွဲလမ်းပြီး လောကထဲသို့ပြန်၍ သွားလိုတတ်ကြသည်။ ယုံကြည်သူခရစ်ယာန် အများစု၏ အသက်တာ၌လည်း လောကဓံတရားမှ ရွေးနှုတ်ကယ်တင်ခြင်းကို မလိုလားဘဲ ထိုလောက၏ ကျေးကျွန်ဘဝ၌သာ မွေ့လျော်လိုသော ပြုမှုလှုပ်ရှားမှုများရှိနေကြောင်း ဝမ်းနဲစွာ တွေ့နေရပါသည်။ (၂ ကော ၁၁း၂၀)။

လွန်ခဲ့သော နှစ်ပေါင်းများစွာက အမှုတော်ဆောင်ဓမ္မဆရာများသည် နတ်ဆိုးအပါး ၆၀ ဖမ်းစားထားသော အမျိုးသမီးတဦးအတွက် ဆုတောင်းပေးကြသည်။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် နတ်ဆိုးတပါးမှအပ ကျန်သော နတ်ဆိုးအားလုံးကို ဆုတောင်း၍ ထုတ်နိုင်ခဲ့ကြသည်။ ဘုရားသခင်သည် ထိုအမျိုးသမီးအား နတ်ဆိုးများ၏ လက်မှ ကယ်တင်နိုင်ကြောင်းနှင့် ကယ်တင်လိုကြောင်းကို အကျွန်ုပ်တို့အားလုံးသိရှိယုံကြည်ကြပါသည်။ ကျွန်ုပ်တို့က အမျိုးသမီးအား ပြောသည်။ သင်သည် နတ်ဆိုးများ၏ လက်မှ ရွေးနှုတ်ကယ်တင်ခြင်းကို ခံယူလိုသော ဆန္ဒအမှန်ရှိပါက လွတ်မြောက်နိုင်ကြောင်း ပြောပြသည့်အခါ အမျိုးသမီးက နောက်ဆုံးကျန်နေသော နတ်ဆိုး၏ လက်မှ မလွတ်မြောက်လိုကြောင်း၊ ထိုနတ်ဆိုး၏ လက်ထဲ၌သာ မွေ့လျော်လိုကြောင်း ဝန်ခံပြောဆိုခြင်းကို ကြားရပါသည်။ ကျွန်ုပ်တို့ ဆုတောင်းသူများမည်သည့် နည်းနှင့် မျှမတတ်နိုင်တော့ပေ။ နောက်ဆုံးညတွင် အမျိုးသမီးက သူ့မိတ်ဆွေအား ++အဲဒီညမှာ ကျွန်မဟာ နတ်ဆိုးရဲ့ လက်ထဲကနေ လုံးဝလွတ်မြောက်နိုင်တယ် ဒါပေမဲ့ ကျွန်မကိုယ်တိုင်မလွတ်မြောက်လိုဘူး၊ နတ်ဆိုးလက်ထဲမှာ ကျွန်ခံနေတာကိုဘဲ ပျော်မွေ့တယ် ++ဟူ၍ ပြန်ပြောပြပါသည်။

ဘုရားသခင်သည် ပင်လယ်နီကို ခွဲ၍ ဣသရေလလူများအား မြေပြင်ပေါ်တွင် သွားစေလျက် ပင်လယ်ပြင်ကြီးကို ဖြတ်ကျော်စေခဲ့သည်။ နောက်မှ လိုက်လာသော ဖာရောဘုရင်၏ တပ်မကြီးအား ပင်လယ်ရေထဲတွင် လှဲချ၍ အားလုံး ဖျက်ဆီးခြင်းအားဖြင့် ဣသရေလလူမျိုးများကို အဲဂုတ္တုလူများ၏ လက်မှ လုံးဝဥဿုံရွေးနှုတ်ကယ်တင်ခဲ့သည်။ (ထွက် ၁၄း၁၂-၂၈)။

ပင်လယ်နီကို ဖြတ်သန်းလွတ်မြောက်ခြင်းသည် သမိုင်းတွင် ထူးခြားထင်ရှားသော အဖြစ်အပျက် တခုဖြစ်သည်။ ဝိညာဉ်ရေးရာ သင်ခန်းစာများစွာ ပါဝင်သည်။ အခြေခံအားဖြင့် ပင်လယ်နီကို ကျော်ဖြတ်ခြင်းသည် ရေနှစ်ခြင်းမင်္ဂလာ၏ အမှတ်လက္ခဏာ တခုဖြစ်သည်။ (၁ ကော ၁၀း၂)။ ပင်လယ်နီသည် ဣသရေလလူများနှင့် အဲဂုတ္တုလူများကို ခွဲ၍ ပိုင်းခြားလိုက်သကဲ့သို့ ဣသရေလလူများအား ကျွန်ဘဝမှ ရွေးနှုတ်ကယ်တင်လိုက်သည်။ ဖာရောဘုရင်၏ ဩဇာအာဏာသက်ရောက်မှုအားလုံးကိုလည်း ရိုက်ချိုးဖျက်ဆီးခဲ့သည်။ ရေနှစ်ခြင်းမင်္ဂလာသည်လည်း ထိုသို့သော သဘောကို ဆောင်သည်။

ပင်လယ်နီကို ကျော်လွန်ဖြတ်သန်းခြင်းသည် ဣသရေလလူများ၏ အသက်တာပိုင်းဆိုင်ရာ အမှုအရာအများအပြားကို ပြီးမြောက်ကျော်လွန်စေနိုင်ခဲ့သော်လည်း သူတို့၏ စိတ်နှလုံးထဲမှ အဲဂုတ္တုပြည်ကို သံယောဇဉ်တွယ်ခြင်းကိုမူ မဖယ်ရှားနိုင်ခဲ့ပေ။ ကန္တာရခရီးကြမ်းနှင်သည့် အချိန်ကာလ အခက်အခဲ အကြပ်အတည်းတခုခု ကြုံတွေ့သည့်အခါတိုင်း အဲဂုတ္တုပြည်သို့ နောက်ကြောင်းပြန်လှည့်လိုကြကြောင်း တွေ့ရသည်။ သူတို့သည် အဲဂုတ္တုပြည်မှ လွှတ်မြောက်ခဲ့ကြသည်မှန်သော်လည်း အဲဂုတ္တုပြည်သည် သူတို့၏ စိတ်ထဲမှ မထွက်ခွာနိုင်ခဲ့ပေ။ ၎င်းသည် ရေနှစ်ခြင်းမင်္ဂလာခံခြင်းနှင့် အတူတူပင်ဖြစ်သည်။ ရေနှစ်ခြင်းမင်္ဂလာခံခြင်းက ကျွန်ုပ်တို့အား လောကနှင့် ခွဲ၍ပိုင်းခြားသော်လည်း ကျွန်ုပ်တို့၏ စိတ်နှလုံးမှ လောကကို ထွယ်တာနေခြင်းကိုမူ ပြည့်စုံစွာ မဆေးကြောနိုင်ခဲ့ပါ။

ကန္တာရတောကို ဖြတ်၍

ပင်လယ်နီကို ဖြတ်သန်းကျော်လွန်ပြီးသောအခါ ဣသရေလ လူတို့သည် ကန္တာရတောကို ဖြတ်သန်းလာခဲ့ကြသည်။ ကန္တာရတော၌သုံးရက်ကြာကြာခရီးနှင်ခဲ့ကြစဉ်တွင် သောက်စရာရေမတွေ့ကြရပါ။ မာရအရပ်သို့ ရောက်သောအခါ ရေကို တွေ့ရသော်လည်း အလွန်ခါးသဖြင့် မသောက်နိုင်ကြ။ ထိုအခါ မောရှေကို ပုန်ကန်၍ ညည်းတွားမြည်တမ်းကြပြန်၏ (ထွက် ၁၅း၂၂-၂၄)။

ယုံကြည်သူများ၏ အသက်တာ၌လည်း ခါးသီးသော ဘဝ၏ ခက်ခဲကြပ်တည်းမှုများကို ရင်ဆိုင်ကြုံတွေ့ရမည် ဖြစ်သည်။ ရင်ဆိုင်ကြုံတွေ့နေရသော ဘဝ၏ ပြဿနာ အခက်ခဲများကို မည်သို့ကဲ့သို့ အနိုင်ယူမည် နည်းသဘောပေါက်ရန် အလွန်အရေးကြီးသည်။ အကြောင်းမူကား အသက်တာ၏ ခါးသီးသော တွေ့ကြုံရင်ဆိုင်မှုသည် အလွန်အန္တရာယ်ရှိသောကြောင့် ဖြစ်သည်။ လူတဦး၏ အသက်တာထဲ၌ရှိသော ခါးသီးသော အတွေ့အကြုံ၏ အရင်းအမြစ်သည် အခြားပုဂ္ဂိုလ်အများအပြားထံသို့ ကူးစက်ပျံ့ပွားနိုင်သည်။ (ဟေဗြဲ ၁၂း၁၅)။ ခါးသီးမှုသည် လျင်မြန်စွာ ပျံ့ပွားနိုင်ကြောင်းသတိပြုရမည်။

မိမိတို့၏ အသက်တာ၌ စိတ်ပျက်စရာများ၊ နာကျင်မှုများ၊ ဒုက္ခဝေဒနာများပြဿနာများ၊ စသည့် ခါးသီးသော အတွေ့အကြုံများကို အနိုင်ယူအောင်ပွဲခံနိုင်ရေးအတွက် ဘုရားသခင်၏ ကျေးဇူးတော်ကိုသာ လက်နက်အဖြစ် အသုံးပြုသင့်ပေသည်။ ထိုသို့မဟုတ်ဘဲ မိမိအစွမ်းအစကိုသာ အမှီပြုနေပါက ခါးသီးမှုသည် အသက်တာထဲသို့ ချည်းနင်းဝင်ရောက်နေရာယူ လာမည်ဖြစ်သည်။ ထာဝရ ဘုရား၏ကျေးဇူးတော်တည်းဟူသော ခရစ်တော်သည် မည်သည့် ပတ်ဝန်းကျင့် အခြေအနေမျိုး၌မဆို၊ ဆင်းရဲဒုက္ခ၊ အကြပ်အတည်းနှင့် ဘဝ ပြဿနာ၊ အားလုံးအပေါ် အောင်ပွဲခံသော လက်နက်ဖြစ်ကြောင်း သတိပြုသင့်သည်။

ခါးသီးမှုကို အနိုင်ယူအောင်ပွဲခံနိုင်သော အဓိကသော့ချက်မှာ အဘယ်နည်း။ ခါးသော မာရရေထဲသို့ မောရှေသည် သစ်ပင်ကို ချလိုက်သောအခါ ရေသည် ချိုလာကြောင်း (ထွက် ၁၅း၂၅) တွင် တွေ့ရ၏။ သစ်ပင်သည် ခရစ်တော်အသက်ခံရာ လက်ဝါးကားတိုင်ကို ကိုယ်စားပြုသည်။ ဘဝ၏ ခါးသီးသော ဒုက္ခဆင်းရဲကြပ်တည်းမှုများကို ခရစ်တော်၏ လက်ဝါးကားတိုင်အားဖြင့်သာ အောင်ပွဲခံနိုင်သည်။

(၁) ကျွန်ုပ်တို့ဘက်မှ မှန်သည်မှားသည် ဝေဖန်ပိုင်းခြားမှုစီမံခန့်ခွဲမှု ဉာဏ်အမှီပြုခြင်းအားလုံးကို စွန့်လွှတ်၍ ဘုရားသခင်အား အကြွင်းမဲ့အားကိုးအမှီပြုပြီး မိမိ၏ ခံစားချက်အားလုံးကို တင်ပြရမည်။

(၂) ကျွန်ုပ်တို့အပေါ်တွင် ပြစ်မှားသော သူများကို လုံးဝခွင့်လွှတ်ရမည်။

(၃) ကျွန်ုပ်တို့အပေါ်၌ မှားယွင်းသော အပြစ်တရားကိုလည်း မေ့ပစ်ရမည်။ ထိုသို့ပြုလုပ်ပါက ဘုရားသခင်သည် မိမိ၏ စိတ်နှလုံးထဲမှ ခါးသီးသော အရာအားလုံးကို ဆေးကြောဖယ်ရှားပေးမည်ဖြစ်သည်။

ဣသရေလတို့သည် တတိယလတွင် သိနာတောင်သို့ ရောက်ကြ၏။ (ထွက် ၁၉း၁-၂)။ ထိုတောင်သည် အသက်ရှင်တော်မူသော ဘုရား မီးလျှံအဖြစ် ဆင်းသက်လာသော နေရာ၊ ပင်တေကုတ္တေပွဲနေ့၏ သန့်ရှင်းသော ဝိညာဉ်တော်ဆင်းသက်ရာ အတွေ့အကြုံကို ကိုယ်စားပြုသော တောင်ဖြစ်သည်။ (ထွက် ၁၉း၅) တွင် ဣသရေလလူတို့အား သင်တို့သည် ငါ့စကားကို အမှန် နားထောင်လျှင် ကောင်းကြီးမင်္ဂလာကို ခံယူကြရမည်ဟု ဘုရားသခင် ကြေညာခဲ့သည်။ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာအားလုံးသည် နာခံခြင်းအပေါ်၌သာ အမှီပြုလျက် ရှိသည်။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် နှစ်ခြင်းမင်္ဂလာခံခြင်းကို ဟန့်တားနေသော၊ နှောင့်နှေးကြန့်ကြာစေသော အရာသည် မနာခံခြင်းပင် ဖြစ်သည်။

ထိုချိန်က ပါစတာတဦးသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် နှစ်ခြင်းခံရန် ဆုတောင်းခဲ့ရာ ဘုရားသခင်က သူ့ကို ပြောသည်မှာ ++အခြားအခန်းသို့ သွား၍ ငှက်လှောင်အိမ်ထဲက ငှက်ကို လွှတ်လိုက်ပါ++ ဟူ၍ ဖြစ်သည်။ သူသည် ဖမ်းထားသော ငှက်အရိုင်းကို လှောင်အိမ်ထဲတွင် ချုပ်ထားသည်။ ချုပ်ထားသော အရာသည် ငှက်သာ ဖြစ်ပါသည်။ သို့သော် မိမိကိုယ်တိုင်က တစုံတခုကို ချုပ်နှောင်ထားသူဖြစ်လျက်နှင့် မည်ကဲ့သို့ ချုပ်နှောင်ခြင်းမှ လွှတ်မြောက်ခြင်းအကြောင်းကို ဟောရဲသနည်း၊ လွှတ်ခြင်းခံရန် အဘယ့်ကြောင့် ဆုတောင်းရဲသနည်း။ ချုပ်နှောင်ထားသော သူကို လွှတ်လျှင် မိမိကိုယ်တိုင်လည်း လွှတ်ခြင်းခံရပေမည်။ တခါတရံဘုရားသခင်သည် ကျွန်ုပ်တို့အား သန့်ရှင်းသော ဝိညာဉ်တော်ကို မပေးမီနာခံမှုရှိမရှိကို တောင်းဆို စမ်းသပ်လေ့ရှိသည်။

သိနာတောင်ပေါ်တွင် ဘုရားသခင်သည် မောရှေအား ပညတ်တော် (၁၀) ပါးကို ပေးအပ်ခဲ့သည်။ ပညတ်တော် (၁၀) ပါးသည် ကျွန်ုပ်တို့ အသက်တာအတွက် အလွန်အရေးပါသော အရာဖြစ်ပါသည်။ ယေရှုခရစ်သည် ပညတ်တော်ကို ချိုးဖျက်ရန် မဟုတ် ပြည့်စုံစေရန်သာ လောကသို့ ကြွလာခြင်းဖြစ်သည်။ (မ ၅း၁၇)။ ကျွန်ုပ်တို့လည်း ပညတ်တရားကို နာခံရပါမည်။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်သာလျှင် ကာမဂုဏ်တပ်မက်ခြင်းကို ငြင်းပယ်နိုင်ပြီး ဘုရားသခင်၏ စကားတော်ကို နားထောင်နာခံနိုင်မည်ဖြစ်သည်။ (ရော ၈း၄)။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝသောအခါမှသာ ဘုရားသခင်၏ ပညတ်တော်ကို ရိုသေမြတ်နိုးခြင်းနှင့် မှန်ကန်စွာ နားလည်သဘောပေါက်ခြင်းရရှိလာနိုင်ပေမည်။

ဂတိတော် နယ်မြေနှင့် နီးကပ်လာခြင်း

ဆင်းရဲဒုက္ခအမျိုးမျိုးကြုံတွေ့ပြီးသောအခါ ဘုရားသခင်သည် ဣသရေလလူတို့အား ဂတိတော်နယ်မြေအနီးရှိ ကာဒေရှဗာနာအရပ်သို့ ခေါ်ဆောင်လာခဲ့သည်။ သူတို့သည် အဲဂုတ္တုပြည်မှ ထွက်ခွာလာပြီး ကန္တာရတောထဲတွင် နှစ်နှစ်တိုင်တိုင်ကြာခဲ့ကြသည်။ ဘုရားသခင်သည် ယနေ့ယုံကြည်သူများကိုလည်း ကန္တာရတောကဲ့သို့ ကြမ်းတမ်းခက်ခဲသော အတွေ့အကြုံမျိုးကို ပေးမည်ဖြစ်သည်။ အကြောင်းမှာ ငွေဖြင့် ဝယ်၍မရသော ယုံကြည်ခြင်းရဲစွမ်းသတ္တိ၊ သမ္မာသတိ၊ ပညာကို ပေးလို၍ ဖြစ်သည်။

ပါရန်တော၊ ကါဒေရှဗာနာအရပ်၌နေစဉ် မောရှေသည် သူလျှို ဆယ့်နှစ် ဦး အား ဂတိတော်နယ်မြေကို စူးစမ်းလေ့လာရန် စေလွှတ်ခဲ့သည်။ (တောလည် ၁၃း၂)။ သူလျှို ဆယ့်နှစ် ဦး တို့သည် ခါနန်ဒေသတွင် ရက်ပေါင်း ၄၀ ကြာခဲ့သည်။ သူတို့ပြန်ရောက်လာသောအခါ သူလျှို ဆယ်ဦးသည် မကောင်းသီတင်းကို ကြားပြောကြ၏။ (တော ၁၃း၂၇-၂၈)၊ ခါနန်ဒေသသည် ဘုရားသခင်မြွက်ဆိုသည်အတိုင်း နို့နှင့် ပျားရည်စီးဆင်းသော အရပ်ဖြစ်၏။ သို့သော်လည်း ထိုဒေသကို ကျွန်ုပ်တို့ အပိုင်ရယူနိုင်မည်မဟုတ်၊ အကြောင်းမူကား ထိုဒေသ၌နေသော သူတို့သည် အလွန်ကြီးမားထွားကြိုင်းပြီး ကျွန်ုပ်တို့ထက်သာ လွန်၍ အားကြီးကြ၏ဟု ပြောဆိုကြသည်။

ဘုရားသခင်၏ သနားတော်မူသော အမွေဥစ္စာကို အပိုင်ရယူနိုင်ရေးအတွက် ဟန့်တားနှောက်ယှက်သောရန်သူ ဝိညာဉ်ဆိုးများကို ဦးစွာ ပထမနှိမ်နင်းရန် လိုအပ်သည်။ ရန်သူဝိညာဉ်ဆိုးများအား ကြောက်စရာမလိုပါ။ ရန်သူများကသာ အကျွန်ုပ်တို့အား ကြောက်ရမည် (၁ ယော ၄း၄) ကျွန်ုပ်တို့သည် ကြောက်ခြင်းသံဝေဂ၊ ပူပန်ခြင်းဝေဒနာများကိုဖြစ်စေသော နတ်ဆိုးဝိညာဉ်ဆိုးများကို အနိုင်ရပြီးဖြစ်သည်။ ကျွန်ုပ်တို့အား ခွန်အားနှင့် ပြည့်စုံစေတော်မူသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ကြောင့် ကြောက်ရွံ့ခြင်း၊ ပူပန်ခြင်းများကို အနိုင်ရပြီး ဖြစ်သည်။ (၁ ယော ၄း၁၈)။

သူလျှို ဆယ်ဦးတို့၏ မကောင်းသီတင်းသည် ဣသရေလလူအားလုံးကို စိတ်ဓာတ်ကျဆင်းစေခဲ့သည်။ (တော ၁၄း၁-၄) လူထုပရိသတ်အားလုံး အဲဂုတ္တုပြည်သို့ ပြန်သွားလိုကြသည်။ ယနေ့ယုံကြည်သူခရစ်ယာန်များ အနေဖြင့် လောကကိုတွယ်တာ တပ်မက်စိတ်ကို သန့်ရှင်းစေဘို့ရန်အတွက် ဘုရားသခင်ထံ ဆုတောင်းရန် လိုအပ်သည်။ ထိုစိတ်သည် ကျွန်ုပ်တို့အား လောကဘက်သို့ ပြန်လည်ဆွဲခေါ်သွားနိုင်သည်။ ဒေမအပေါ်၌လည်း ထိုကဲ့သို့သောအဖြစ်မျိုး ဖြစ်ပျက်ခဲ့ကြောင်း ရှင်ပေါလုက ၂ တိမောသေ ၄း၁၀ တွင် ဖော်ပြခဲ့သည်။ ++အကြောင်းမူကား ဒေမသည် ယခုဘဝကို နှစ်သက်သော စိတ်ရှိသည်နှင့် ငါ့ကို စွန့်ပစ်၍++ ဟူ၍ ပါရှိသည်ကို တွေ့ရသည်။

လွန်ခဲ့သော နှစ်က ဩစတြေလျရှိအသင်းတော်တခုသို့ အလည်အပတ်ရောက်ခဲ့ရာ (တောလည်ရာကျမ်း ၁၄)ကို သွန်သင်ရန်အတွက် လှုံ့ဆော်မှုခံခဲ့ရသည်။ ဘုရားသခင်သည် သူနှင့် ပြုမူဆောင်ရွက်စေလိုကြောင်း၊ သင်တို့အတွက် ဘုရားသခင် အကြံအစည်ရှိကြောင်းသွန်သင်သတိပေးခဲ့သည်။ ဆုတောင်းချိန်တွင် အသင်းတော်လူကြီးများထဲမှ တဦးကထ၍ ဆုတောင်းရာတွင် ==အဘ ဘုရား ကန္တာရတော၌နေရသည်ကို ကျွန်ုပ်တို့ ကျေနပ်ပါ၏။ ဆက်မသွားလိုပါ။ ဤနေရာသည် အကျွန်ုပ်တို့အတွက် သင့်တော်ပါ၏။ သက်တောင့်သက်သာရှိပါ၏။++ ဟု ဆုတောင်းသည်ကို ကြားရပါသည်။ ထိုပုဂ္ဂိုလ်သည် ယုံကြည်သူမဟုတ်ကြောင်း ထင်ရှားသည်။ အသင်းတော်အတွင်း ဆန့်ကျင်မှုအဆိုးမြင်ဝါဒသက်ရောက်စေနိုင်သော ဝိညာဉ်ဆိုးကဲ့သို့ ဖြစ်သည်။

နှစ် အနည်းငယ်ကြာသောအခါ အဆိုပါ အသင်းတော်၌အခြားသော ပါစတာအား တာဝန်ပေးလွှဲအပ်ရန်အတွက် ရောက်ခဲ့ရပြန်သည်။ ပထမကြိမ် ရောက်ခဲ့စဉ်က အသင်းတော် လူကြီးတစ်ဦး၏ ဆုတောင်းချက်ကို သတိရလိုက်သည်။ ထိုအခါ အသင်းတော်အား ကျွန်ုပ်ပြောပါသည်။ အဆိုပါ အသင်းတော်လူကြီးတဦး၏ အထဲ၌ရှိသော ဝိညာဉ်ဆိုးသည် အသင်းတော်တိုးတက်မှုကို ဟန့်တားခဲ့သည်။ သို့သော် ယခုအခါ ဤအသင်းတော်အား ဘုရားသခင်နှင့်အတူ မိတ်သဟာယပြုစေနိုင်မည့် အခြားသော ပါစတာတစ်ဦးကို ဘုရားသခင်ခန့်ပေးတော်မူပြီဖြစ်ကြောင်း ပြောပြခဲ့သည်။ ထိုအခါ ပရိသတ်များ ငိုကြွေးကြလျက် သူတို့သည်သာ ပါစတာများကို နှောက်ယှက်ဟန့်တားသော သူများဖြစ်ကြောင်း ဝန်ခံခဲ့ကြသည်။ နောက်တွင် ဘုရားသခင်နှင့်အတူ ပြုမူဆောင်ရွက်ရန် မိမိကိုယ်ကို ဆက်ကပ်အပ်နှံဆုတောင်းကြသည်။ နောင်အခါတွင် ထိုအသင်းတော်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝ၍ တိုးတက်သော အသင်းတော်ဖြစ်လာကြောင်း တွေ့ရသည်။

သူလျှို ဆယ်နှစ်ဦးထဲတွင် ယောရှုနှင့် ကာလက်တို့သည် ယုံကြည်ခြင်း အပြည့်ရှိပြီး သမ္မာသတိရှိသော သူများဖြစ်ကြသည်။ (တော ၁၃း၃၀) ငါ့ကျွန်ကာ လက်မူကား ထူးခြားသော သဘောရှိ၍ ငါ့နောက်သို့ လုံးလုံးလိုက်သောကြောင့် သူသွားခဲ့သော ပြည်သို့ သူကို ငါဆောင်သွင်းမည် (တော ၁၄း၂၄) ဟု ဂတိပေးခဲ့သည်။ ယောရှုနှင့် ကာလက် နှစ်ဦးသာ ထိုပြည်ကို အမွေခံ၍ အပိုင်ရကြကြောင်း တွေ့ရသည်။

ဘုရားသခင်၏ စိတ်နှလုံးတော်ကို တွေ့နိုင်ခြင်းသည်သာလျှင် ဂတိတော်နှင့် ယှဉ်သော အမွေကို ပိုင်ဆိုင်ရရှိခြင်း၏

အဓိက သော့ချက်ဖြစ်သည် (တော ၁၄း၂၇-၂၈) ကျွန်ုပ်တို့သည် ဘုရားသခင်၏ စိတ်နှလုံးတော်ကို တွေ့နိုင်၍ ဘုရားသခင်သည် ကျွန်ုပ်တို့အား နှစ်သက်တော်မူလျှင် သူ၏ ဂတိတော်ရှိသမျှကို ပြည့်စုံစေလိမ့်မည်။ သို့ဖြစ်၍ ဘုရားသခင်၏ စိတ်နှလုံးကို တွေ့နိုင်ရေးအတွက်သာ ဆင်ခြင်အားထုတ်သင့်သည်။

ဘုရားသခင်သည် နာခံမှုမရှိသော ဣသရေလ လူတို့အား ဂတိတော် နယ်မြေသို့ ဝင်ခွင့်မပေး၊ ကန္တာရတောထဲ၌သေကြေပျက်စီးစေခြင်းအားဖြင့် အပြစ်ဒဏ်ပေးခဲ့ကြောင်းတွေ့ရှိရသည်။ ဣသရေလမျိုးဆက်တို့သည် ကန္တာရတော၌နှစ်ပေါင်း ၄၀ လှည့်လည်သွားလာ၍ သေကြေပျက်ဆီးကြရသည်။ (တော ၁၄း၂၉-၃၄)။ အသက် နှစ်ဆယ်ကျော်သော သူများထဲတွင် ယောရှုနှင့် ကာလက်တည်းဟူသော သစ္စာရှိ သူလျှို နှစ်ဦး သာလျှင် ဂတိတော်နယ်မြေသို့ ဝင်စားကြရသည်။

ဣသရေလလူတို့သည် ကန္တာရတောထဲရှိ ဆင်းရဲဒုက္ခ (သို့မဟုတ်) စမ်းသပ်မှု ဆယ်မျိုးစလုံးတွင် ရှုံးနိမ့်ခဲ့ကြရသည်။ (တော ၁၄း၂၂)။ ကန္တာရတောထဲရှိ ဣသရေလလူမျိုးများအပေါ် သက်ရောက်သော အကြပ်အတည်း သို့မဟုတ် စမ်းသပ်မှုသည် ယနေ့ယုံကြည်သူခရစ်ယာန်များ၏ နေ့စဉ်အသက်တာ၌ကြုံတွေ့နိုင်သော အရာများဖြစ်၍ လေးလေးနက်နက်လေ့လာရန် အလွန်အရေးကြီးပါသည်။ စမ်းသပ်မှုတိုင်းတွင် ဘုရားသခင်၏ ချီးမြှောက်ခြင်း (သို့မဟုတ်) ပို၍ မြင့်မားသော အဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် အထောက်အမတခုစီရှိကြသည်။ သို့သော် ရှုံးနိမ့်ပါက အထောက်အမသည် အတားအဆီခလုတ်ကသင်းအဖြစ် ပြောင်းလဲသွားမည်ဖြစ်သည်။ သို့ဖြစ်၍ ဣသရေလလူမျိုးများအား သင်ခန်းစာရယူလျက် စမ်းသပ်မှုအကြပ်အတည်းစာမေးပွဲကို အောင်မြင်ကျော်လွှားခြင်းအားဖြင့် ပို၍မြင့်မားသော အဆင့်သို့ ခရစ်တော်နှင့်အတူ တက်လှမ်းကြပါစို့ဟု တိုက်တွန်းလိုပါသည်။

တော ၃၂ တွင် ဣသရေလလူတို့ထဲမှ လူမျိုး၂ ၁/၂ မျိုး (ရုဗင်၊ဂဒ်နှင့် မနာရှေအမျိုးသားတဝက်) တို့သည် ယော်ဒန်မြစ်အရှေ့ဘက်ခြမ်းကိုသာ အပိုင်ရယူရန်အတွက် မှားယွင်းစွာ ရွေးချယ်ကြ၏။ ဘုရားသခင်ပေးသော ကောင်းကြီးမင်္ဂလာဂတိတော်နယ်မြေသည် ယော်ဒန်မြစ်ကို ဖြတ်ကူး၍ တဘက်ကမ်းခါနန်ဒေသကို အပိုင်ရယူစေလို၏။ ထိုလူမျိုးများမူကား ယော်ဒန်မြစ် အရှေ့ခြမ်းသည် သူတို့နှင့် သူတို့၏ တိရစ္ဆာန်များအတွက် အကောင်းဆုံးဖြစ်သည်ဟု ထင်မြင်ယူဆ၍ ရွေးချယ်ကြ၏။ သူတို့၏ စိတ်နှလုံးသည် လောကနှင့် မခွာနိုင်ဘဲ၊ လောကကို တွယ်တာနေကြကြောင်း တွေ့ရသည်။ ထိုနေရာသည် ဘုရားသခင်ပေးသော အကောင်းဆုံးနေရာမဟုတ်ပါ။

ယနေ့ယုံကြည်သူတိုင်းက ဘုရားသခင် ကြံစည်ပေးသော အကောင်းဆုံးသော အရာကို မရရှိနိုင်ကြပေ။ အကြောင်းမူကား မိမိ၏ စိတ်ကူးအကြံအစည်အပေါ်၌ရပ်တည်ကြသောကြောင့်ဖြစ်သည်။ ဘုရားသခင် အကြံစည်ပေးသော အကောင်းဆုံးအရာကို အမွေခံရနိုင်ရေးအတွက် မိမိဉာဏ်ကို အမှီပြုခြင်းစိတ်လောခြင်းမရှိဘဲ အလိုတော်ကို ဝန်ခံ၍ နာခံနိုင်ရန် အလွန်အရေးကြီးပေသည်။ ရှင်ပေါလုက ဖိ ၃း၁၄တွင် ==ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့်ဆိုင်သော ဆုကိုရခြင်း၌ ပန်းတုံးတိုင်သို့ ပါလိုက်ပြေး၏ ++ ဟု ဖော်ပြထားသည်ကို သတိပြုသင့်သည်။

မောရှေသည် ဣသရေလလူတို့အား နောက်ဆုံး သွန်သင်မှုကို မောဘလွင်ပြင်တွင် ပြုခဲ့သည်။ ထိုနောက် ပိသဂါတောင်ထိပ်သို့တက်၍ ဂတိတော်နယ်မြေကို အဝေးမှ လှမ်း၍ ကြည့်ရှုလေ၏။ (တရားဟော ၃၄း၁-၃) ထို့နောက် မောရှေသည် ထိုအရပ်၌ အနိစ္စရောက်၍ ဘုရားသခင်ကိုယ်တိုင် သင်္ဂြိုဟ်ခြင်းကို ခံလေ၏ (တရာဟော ၃၄း၄-၆)။

ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်း

ဣသရေလလူမျိုးတို့၏ ကန္တာရခရီးသွားခြင်းတွင် ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်းသည် ထင်ရှားသော အလှည့်အပြောင်း၊ စာမျက်နှာအသစ်လှန်လိုက်သော မှတ်တိုင်တခုဖြစ်သည်။ ထိုနေ့သည် သူတို့အတွက် ထူးခြားသော နေ့သစ်ဖြစ်သည်။ မျိုးဆက်ဟောင်းများနှင့် ခေါင်းဆောင်များသေလွန်ခဲ့ကြပြီး၊ မျိုးဆက်သစ်နှင့် ခေါင်းဆောင် အသစ်များပေါ်ထွန်းလာသည်။ ကန္တာရခရီးကြမ်း၏ စမ်းသပ်မှုများ ကုန်ဆုံး၍ ဂတိတော်နယ်မြေက အသင့်စောင့်ကြိုနေသည်။ ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်းးသည် သူတို့၏ ခရီးလမ်းဆုံးပန်းတိုင်တည်းဟူသော ဇိအုန်တောင်သို့ ရောက်ရန် အဓိက ကျသော ခြေတလှမ်းပင်ဖြစ်သည်။

ဣသရေလလူတို့သည် ယော်ဒန်မြစ်ကို ဖြတ်ကူးသောအခါ အာဒံမြို့အနီးရှိ ယော်ဒန်မြစ်သည် မစီးဆင်းဘဲ ရပ်တန့်လျက်ရှိကြောင်း (ယောရှု ၃း၁၅-၁၆) တွင် ဖတ်ရသည်။ အာဒံသည် ကျွန်ုပ်တို့၏ အပြစ်သားဖြစ်ခြင်းသဘာဝ၊ ဇာတိသဘောကို သရုပ်ဆောင်သည် (၁ ကော ၁၅း၄၅ - ၄၇၊ ရော ၅း၁၂-၁၄)။ ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်းသည် အဖြစ်၌သေခြင်း၊ ဇာတိသဘောချုပ်ငြိမ်းခြင်းကို ကိုယ်စားပြု သရုပ်ဆောင်သည်။ (ရော ၆း၆) ငါတို့၏ လူဟောင်းသည် ခရစ်တော်နှင့်အတူ လက်ဝါးကားတိုင်တွင် သေအသတ်ခြင်းကို ခံရပြီဖြစ်ကြောင်း သိမြင်စေသည်။

ဣသရေလလူတို့သည် ပင်လယ်နီကို ဖြတ်ကျော်ပြီးနောက် အဲဂုတ္တုပြည်မှ ထွက်ခွာခဲ့ပြီးဖြစ်သော်လည်း အဲဂုတ္တုပြည်သည် သူတို့စိတ်နှလုံးထဲမှ မထွက်ခွာနိုင်သေးဘဲ တည်ရှိနေသေးသည်။ သို့သော် ယော်ဒန်မြစ်ကို ဖြတ်ကူးပြီးနောက်ပိုင်းတွင်မူ ဘုရားသခင်က သူတို့၏ စိတ်နှလုံးထဲရှိ အဲဂုတ္တုပြည်ကို ချစ်ခြင်း၊ တွယ်တာခြင်းကို ဖယ်ရှားပေးလိုက်သည်။ ဘုရားသခင်သည် ဣသရေလလူတို့အပေါ်၌ သက်ရောက်လျက်ရှိသော အဲဂုတ္တုလူတို့၏ ဩဇာအာဏာလွှမ်းမိုးမှု အားလုံးကို ယော်ဒန်မြစ်၌ ဆေးကြောသုတ်သင်လိုက်ပြီး ဖြစ်သည်။ (ယောရှု ၅း၈-၉)။ လောကကြီးကို ပုံဆောင်သော အဲဂုတ္တုပြည်သို့ ပြန်သွားလိုစိတ်မရှိတော့ပေ။ ဣသရေလလူတို့၏ စိတ်နှလုံးကို ဘုရားသခင်သည် အသစ်ပြုပြင်လိုက်သည်။

ရော ၆း၆ တွင် ဖော်ပြထားသည့်အတိုင်း အကျွန်ုပ်တို့၏ လူဟောင်းသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်၌ အသေသတ်ခြင်းကို ခံပြီးဖြစ်၍ အပြစ်တရား၌သေပြီဖြစ်ကြောင်း သိရှိထားရန် လိုအပ်သည်။ လွန်ခဲ့သော နှစ်များစွာက ဘုရားသခင်သည် အကျွန်ုပ်အား အပြစ်တရားမှ သေခြင်းအကြောင်းကို သွန်သင်ခဲ့သည်။ တမနက် ရုံးတွင် ထိုင်နေစဉ် ရူပါရုံအားဖြင့် မြင်ရသည်မှာ ခရစ်တော်သည် လက်ဝါးကားတိုင်၌ ဆွဲထားခြင်းခံရသည်ကို ကျောဘက်မှ မြင်ရသည်။ သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်ုပ်အား ချီမ၍ ခရစ်တော်နှင့်အတူ လက်ဝါးကားတိုင်၌ဆွဲထားလေသည်။ လူများသည် ခရစ်တော်အား ဆန့်ကျင်၍ ပြောဆိုနေကြသည်ကို ကျွန်ုပ်မြင်နေရသည်။ ခရစ်တော်အသက်ဝိညာဉ်ချုပ်ငြိမ်းချိန်၌ ဗိမာန်တော်ရှိ ကန့်လန့်ကါ နှစ်ခြမ်းကွဲပြီး ဆုတ်ပြဲသွားသည်ကိုလည်း မြင်ရသည်။ ထို့နောက် ကျွန်ုပ်၏ ရူပါရုံအမြင် ရပ်တန့်သွားသည်။

ကျွန်ုပ်၏ နှလုံးသားအသက်တာအတွင်းပိုင်းမှ ဂလာတိ ၂း၂၀ ပွင့်ထွက်လာသည်။ ==ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှ အသေခံပြီး++ ကျွန်ုပ်ချက်ချင်းသဘောပေါက်လိုက်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ တွင် ခရစ်တော်လက်ဝါးကားတိုင်ပေါ်၌ အသေသတ်ခြင်းခံခဲ့စဉ်က ကျွန်ုပ်၏ အပြစ်ဒုစရိုက်အားလုံးကို သယ်ဆောင်ခဲ့ရုံမက ကျွန်ုပ်၏ လူဟောင်းဇာတိသဘောကိုလည်း သယ်ဆောင်၍ နိုင်နင်းပေးခဲ့ကြောင်းသိရှိရ၍ အားရကျေနပ်ပီတိဖြစ်မိပါသည်။ ကြီးမားသော ခွန်အား၊ အောင်မြင်ခြင်းနှင့် မဖော်ပြနိုင်သော ငြိမ်သက်ခြင်းသည် ကျွန်ုပ်၏ စိတ်နှလုံးကို ကြီးစိုးနေပါ၏။

ရောမ ၆း၆ ထဲတွင် ဖော်ပြထားသည့်အတိုင်း သင်၏အပြစ်ဒုစရိုက်များကို လက်ဝါးကားတိုင်၌ခရစ်တော်နှင့်အတူ ရိုက်သက်ခဲ့ပြီးဖြစ်ကြောင်း ဗျာဒိတ်ဖွင့်ဆိုချက်ကို သင်သည် သိမြင်ခံစားဘို့ရန် အလွန်အရေးကြီးပါသည်။ ဤဗျာဒိတ်ဖွင့်ဆိုချက်က ဤလောက၏ စုံစမ်းနှောက်ယှက်ခြင်းများကို ခုခံကာကွယ်ရာ၌၄င်း၊ နေ့စဉ်အသက်တာ၏ ဇာတိသဘောနှင့် ကာကဂုဏ်တပ်မက်ခြင်းများကို တွန်းလှန်တိုက်ခိုက်ရာ၌၄င်း ကြီးမားသော အထောက်အကူပြုပေး မည်ဖြစ်သည်။

ရောမ ၆း၆ ၏ နက်နဲမှုကို တွေ့ကြုံခံစားပြီးပါက ဣသရေလလူတို့၏ ယော်ဒန်မြစ်ကို ဖြတ်ကူးခြင်းသည် ကျွန်ုပ်တို့အတွက် အပြစ်တရားကို အနိုင်ယူခြင်း၊ အပြစ်ဒုစရိုက်၏ ဩဇာလွှမ်းမိုးမှုမှ လွတ်မြောက်ခြင်းကို သိမြင်စေသောစံနမူနာအဖြစ် အနှစ်သာရပြည့်ဝလာမည်ဖြစ်သည်။ ဤသို့ဆိုရာတွင် ကျွန်ုပ်တို့သည် မမှားနိုင်သောသူ၊ အပြစ်မကျူးလွန်နိုင်သော သူဖြစ်ပြီဟု မဆိုလိုပါ။ ကျွန်ုပ်တို့၏ ပြစ်မှားတတ်သော ဇာတိသဘောကို အနိုင်ယူအောင်ပွဲ ခံနိုင်သော ခွန်အားအသစ်နှင့် ဘုန်းတန်ခိုးအသစ်ကို ရရှိပြီဟုသာ ဆိုလိုပါသည်။

ဂိလ်ဂါလ်၌အရေဖျားလှီးမင်္ဂလာခံခြင်း

ယော်ဒန်မြစ်ကို ဖြတ်ကျော်ပြီးနောက် ဣသရေလလူတို့သည် ဂိလ်ဂါလ်အရပ်၌ အရေဖျားလှီးမင်္ဂလာခံကြ၏။ အရေဖျားလှီးမင်္ဂလာခံခြင်းသည် စိတ်နှလုံးအရေဖျားလှီးမင်္ဂလာနှင့် ကိုယ်ကာယသွေးသားနှင့်ဆိုင်သော ဇာတိသဘော အရေဖျားလှီးမင်္ဂလာခံခြင်းတို့ကို သရုပ်ဆောင်သည် (တရားဟော ၃၀း၆)။

ဓမ္မဟောင်းကျမ်းကာလအရေဖျားလှီးမင်္ဂလာမခံသော သူသည် မသန့်ရှင်းသော သူဟု ယူဆရပြီး ဂျူးလူမျိုးတို့၏ ထုံးတမ်းစဉ်လာအခမ်းအနားနှင့် ကောင်းကြီးမင်္ဂလာတို့ကို မခံယူသင့်ဟု ယူဆကြသည်။ ဝိညာဉ်ရေးရာ အရေဖျားလှီးမင်္ဂလာမခံသောသူသည် အပြစ်တရားဖြစ်သော လောဘကြီးခြင်း ကာမဂုဏ်ကိလေသာစိတ်၊ မနာလိုဝန်တိုခြင်းဟူသော ဇာတိသဘောဆိုင်ရာ အပြစ်ဒုစရိုက်များမှ မလွတ်မြောက်နိုင်ချေ။ (ဖိ ၃း၃)။

ဘုရားသခင်သည် ယောရှုအားသူ့လူများကို အရေဖျားလှီးမင်္ဂလာပေးရန် ညွှန်ကြားသည်။ အကြောင်းမှာ ကန္တာရတော၌မွေးလာသော ဣသရေလမျိုးဆက်သစ်များသည် မိဘများ၏ အရေဖျားလှီးခြင်းကို မခံကြသေးသောကြောင့် ဖြစ်သည်။ (ယောရှု ၅း၂-၅)။ ဓမ္မသစ်ကျမ်းဖော်ပြချက်အရ ယုံကြည်သူများအတွက် ဘုရားသခင်၏ တောင်းဆိုမှုမှာ ဝိညာဉ်ရေးရာ အရေဖျားလှီးမင်္ဂလာခံယူခြင်းပင်ဖြစ်သည်။ (ရော ၂း၂၈-၂၉)။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ

အရေဖျားလှီးမင်္ဂလာခံယူမှသာလျှင် ဘုရားသခင်၏ ပညတ်တော်ကို နာခံခြင်းသည် ကျွန်ုပ်တို့အသက်တာ၌ အသက်ရှင်လှုပ်ရှားလာမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် မိမိ၏ စိတ်နှလုံးစဉ်းလဲ ညစ်ပတ်မှုကို မိမိကြိုးစားအားထုတ်ကျင့်ကြံမှုဖြင့် သတ်သင်ဖယ်ရှား၍ မရနိုင်ပါ။ တတ်နိုင်တော်မူသော ဘုရားသခင်ထံသို့ တိုးဝင်ချဉ်းကပ်၍ မိမိတို့၏ စိတ်နှလုံးကောက်ကျစ်စဉ်းလဲမှု အပြစ်ဒုစရိုက်အားလုံးသုတ်သင်ဖယ်ရှားပေးနိုင်ရေးအတွက် အသက်တာကို အပ်နှံ၍ အုပ်စိုးခွင့်ပေးရမည်။ မိမိတို့၏ စိတ်နှလုံးကို ဖွင့်ဟ၍ တန်ခိုးကြီးသော ဘုရားသခင်၏ မေတ္တာလက်တော်ထဲသို့ နှိမ့်ချစွာ ခိုဝင်ရမည်ဖြစ်သည်။ ဘုရားသခင်၏ အလိုတော်နှင့် အကြံအစည်ကို ခုခံကာကွယ်တားဆီးရန်မဟုတ်၊ အားလုံးကို လက်မြှောက်အရှုံးပေး၍ သူ့ထံ၌ ခိုလှုံဘို့ရန် အရေးကြီးသည်။ ဝိညာဉ်ရေးရာအရေဖျားလှီးမင်္ဂလာပေးခြင်းကို မခံယူသော သူသည် ဂတိတော်နှင့်ဆိုင်သော အမွေတော်ကို မခံမယူနိုင်ကြောင်းနားလည်သဘောပေါက်ရမည်။

၁၉၈၁ ခုနှစ်၊ နယူးဇီလန်၌အမှုတော်ဆောင်နေစဉ် အကျွန်ုပ်ထံသို့ ကောင်းကင်တမန် နှစ်ပါးအလည်လာကြသည်။ ကောင်းကင်တမန်တပါးသည် အလွန်ကြီးမားသော ဓားကိုလက်ဖြင့် ဆောင်ထားသည်။ ဓားသွား၏ အရင်းပိုင်းတွင် ==အရေးဖျားလှီးခြင်းမင်္ဂလာ" ဟူသော စာလုံးကို ထွင်းထားသည်။ အခြားသော ကောင်းကင်တမန်သည် "စေခိုင်းသူ" ဟူသော စာသားပါသည့် ခြုံပုဝါကို ခြုံထားသည်။ ဘုရားသခင်က ကျွန်ုပ်အားဆိုသည်။ "ကျွန်ုပ်၏ လူများအား စိတ်နှလုံးအရေဖျားလှီးမင်္ဂလာပေးရန် ရောက်လာပြီ၊ ခေါင်းဆောင်များကို ဦးစွာ ပြုလုပ်မည်။ ကျွန်ုပ်၏ အရေဖျားလှီးမင်္ဂလာပေးခြင်းကို အသာတကြည်နာခံသော သူသည် ပို၍ မြင့်သောအရပ်သို့ ကျွန်ုပ်နှင့်အတူ ချီးမြှောက်ခြင်းခံရမည်။ သို့သော်လည်း မနာခံသောသူမူကား ကျွန်ုပ်၏ ကောင်းကင်တမန်တပါးဖြစ်သော အတင်းစေခိုင်းသူ" ၏ စီရင်ခြင်းကို ခံရမည်။

နောက်ဆုံးသော သခင်ဘုရား၏ နေ့ရက်မင်္ဂလာသို့မတိုးဝင်မီ ကျွန်ုပ်တို့၏ စဉ်းလဲညစ်ပတ်သော စိတ်နှလုံးကို လုံးဝဥဿုံ သန့်ရှင်းစင်ကြယ်စေရေးအတွက် ဘုရားသခင်အား ဆက်ကပ်အပ်နှံရန် လိုအပ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် အရေဖျားလှီးမင်္ဂလာပေးခြင်းကို ခေါင်းငုံ့ဦးချ၍ ခံယူရန် အထူးလိုအပ်ပါသည်။

ဂတိတော်နယ်မြေကို အပိုင်ရရှိခြင်း

ဘုရားသခင်က ယောရှုအား စေခိုင်းသော အမှုတော်မှာ သူ့လူများအား ယော်ဒန်မြစ်ကို ဖြတ်ကူး၍ ဂတိတော်နယ်မြေကို အပိုင်ရယူရန်ဖြစ်သည်။ ဂတိတော်နယ်မြေကို အပိုင်ရယူနိုင်ရေးအတွက် သန့်ရှင်းစင်ကြယ်စေမှုကို ခံယူရန် လိုအပ်သည်။ သို့သော် အမှန်တကယ်လက်ဝယ်ပိုင်ပိုင်ရရှိနိုင်ရေးအတွက် ရန်သူများအား တိုက်ခိုက်ချေမှုန်းရမည်။ ဘုရားသခင်က ကျွန်ုပ်တို့အား သန့်ရှင်းစင်ကြယ်စေခြင်း ကျွန်ုပ်တို့ အသက်တာထဲရှိမှားသော အရာများကို သုတ်သင်ဖယ်ရှားခြင်းသည် ဂတိတော်နယ်မြေကို လက်ဝယ်ပိုင်ပိုင်ရရှိပြီဟု ပြောဆိုခြင်းမဟုတ်ပါ။ ရန်သူများကို တိုက်ခိုက်နှိမ်နင်းနိုင်ရေးအတွက် ပြင်ဆင်ခြင်းမျှသာဖြစ်သည်။

ရန်သူကို ဖြိုဖျက်မှောက်လှန်နိုင်သော စွမ်းအားရရှိရေးအတွက် ဗိုလ်မှူးဖြစ်သော ထာဝရဘုရားသည် ယောရှုရှေ့၌ ပေါ်လာ၍ အားဖြည့်ပေးခဲ့သည် (ယောရှု ၅း၁၃-၁၅)။ ယောရှုဘက်၌ရှိသော ခေါင်းဆောင်တိုင်းသည် ဘုရားသခင်၏ ဗျာဒိတ်ဖွင့်ဆိုချက်ရရှိကြသည်။ ဗိုလ်ခြေအားဖြင့်မဟုတ်၊ အာဏာတန်ခိုးအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့် ဖြစ်လိမ့်မည် (ဇာခရိ ၄း၆) ဟူသော ဗျာဒိတ်ဖွင့်ဆိုချက်ကို သိရှိရမည်။ လူမျိုးတကာတို့အပေါ်တွင် မင်းမူအုပ်စိုးနေသော ဆာတန်မာရ်နတ်၏ တန်ခိုးကို ချိုးဖျက်၍ ပျောက်ဆုံးဝိညာဉ်များရယူရိတ်သိမ်းနိုင်ရေးသည် မိမိ၏ အစွမ်းအစ၊ ကြိုးစားအားထုတ်မှုအားဖြင့်မဟုတ်၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်သာလျှင် ဖြစ်ရမည်။

ယောရှု၏ ဦးဆောင်မှုအောက်၌ ဣသရေလလူတို့သည် သူတို့၏ အမွေခံနယ်မြေကို အပြည့်အဝပိုင်ဆိုင်ရယူခြင်းမရှိခဲ့ပါ။ ခါနန်ဒေသကို ဖြည်းဖြည်းချင်းသာ သိမ်းပိုက်ရယူကြသည်။ (ယောရ ၁၃း၁၊ တရားသူကြီး ၁း၂၇-၃၇) ဣသရေလလူတို့သည် တဝက်တပျက်အောင်နိုင်၍ အခြေချခြင်း၌တင်းတိမ်ရောင့်ရဲနေကြသည်။ များစွာသော ယုံကြည်သူခရစ်ယာန်များလည်း ထိုကဲ့သို့ပင်ဖြစ်တတ်ကြသည်။ ဣသရေလလူတို့သည် သူတို့၏ ခရီးလမ်းဆုံးပန်းတိုင်ဖြစ်သော ဇိအုန်တောင်ကို ရယူပိုင်ဆိုင်ခြင်းမရှိ၊ ယေဗုသိလူတို့ကသာ ဇိအုန်တောင်ကို ထိန်းသိမ်းထားကြကြောင်းတွေ့ရှိရသည်။

ဒါဝိဒ်မင်းကြီးက ဇိအုန်တောင်ကို သိမ်းပိုက်ခြင်း

နောက်ဆုံးသော ရန်သူမှာ (က ၁၅း၁၈-၂၁) ထဲရှိ ဘုရားသခင်က အာဗြဟမ်အား ပြောဆိုသော ယေဗုသိလူများဖြစ်သည်။ ယေဗုသိလူတို့သည် ဒါဝိဒ်မင်းကြီးကာလတိုင်အောင် ဂတိတော်နယ်မြေ၌နေထိုင်ကြသည်။ ဇိအုန်သည် တိုက်ခိုက်သိမ်းပိုက်ရန် အခက်ဆုံးနှင့် နောက်ဆုံးသော ခံတပ်ဖြစ်သည်။ သို့သော် ငြားလည်း ဒါဝိဒ်မင်းကြီးသည်